# ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး

## (Police Reform)

### လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုဆိုင်ရာ အခြေခံမူများကို ရဲလုပ်ငန်းအတွက် အသုံးချကျင့်သုံးမှုပြုစေခြင်း

## ယခုစာစဉ်အတွဲများအကြောင်း

SSR နောက်ခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR) တို့တွင် ပါဝင်သည့် ခေါင်းစဉ်များနှင့် အယူအဆများကို ကျစ်လျစ်ပြည့်စုံသည့် မိတ်ဆက်ရှင်းလင်းမှုများ ပြုလုပ်ပေးပါသည်။ ယခုစာစဉ်အတွဲလိုက်သည် နိုင်ငံတကာအတွေ့အကြုံအတော်များများကို အခြေခံလျှက် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ မူဝါဒများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်မံလေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ် နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အားထုတ်နေကြသည့် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် အရင်းအမြစ်တစ်ခုပင် ဖြစ်ပေသည်။

## ဤ SSR နောက်ခံအကြောင်းအရာလက်စွဲ အကြောင်း

ဤ SSR နောက်ခံအကြောင်းအရာလက်စွဲသည် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကို ပြုလုပ်ခြင်းအားဖြင့် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှု (SSG) ဆိုင်ရာ အခြေခံမူများကို ရဲလုပ်ငန်းအတွက် အသုံးချကျင့်သုံးမှုပြုစေခြင်း အကြောင်းပင်ဖြစ်သည်။ ရဲတပ်ဖွဲ့သည် ပြည်သူ့အကူအညီ၊ ဥပဒေကြပ်မတ်လိုက်နာစေရေးလုပ်ငန်း၊ ပြည်သူလူထုတွင်း အေးချမ်းသာယာသော တည်ငြိမ်မှုအား ထိန်းသိမ်းရေးလုပ်ငန်းနှင့် မှုခင်းဖော်ထုတ်ခြင်းနှင့် တားဆီးကာကွယ်ရေးလုပ်ငန်း စသည်တို့မှတစ်ဆင့် ပြည်သူများနှင့် ပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသော နိုင်ငံအစိုးရပိုင် လုံခြုံရေး ဆောင်ရွက်ပေးသူဖြစ်သည်။ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး၏ ပန်းတိုင်မှာ ရဲလုပ်ငန်းဆောင်ရွက်မှုသည် လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျသော အုပ်ချုပ်ရေးမူဘောင်အတွင်း လူ့အဖွဲ့အစည်းဝင်အားလုံး၏ လိုအပ်ရာများကို ပိုမိုထိရောက်မှုရှိပြီး ပိုမိုတာဝန်ခံနိုင်၍ ပိုမိုမြန်ဆန်စွာတုံ့ပြန်ဆောင်ရွက်ပေးနိုင်စေကြောင်း သေချာစေရန်ဖြစ်သည်။

## SSR နောက်ခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည် --


- ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ အဘယ်နည်း။ *စာမျက်နှာ ၂*
- ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကို အဘယ်ကြောင့် လိုအပ်ပါသနည်း။ *စာမျက်နှာ ၃*
- ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအတွက် စံနမူနာပုံစံတစ်ခု ရှိပါသလား။ *စာမျက်နှာ ၆*
- ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးများကို မည်သို့ဆောင်ရွက်ကြပါသနည်း။ *စာမျက်နှာ ၈*
- ကျား-မ တန်းတူညီမျှရေးသည် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး၏ အစိတ်အပိုင်း မည်ကဲ့သို့ ဖြစ်ပါသနည်း။ *စာမျက်နှာ ၉*


DCAF Geneva Centre for Security Sector Governance

## ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ အဘယ်နည်း။

SSR သဘောတရားအခင်းအကျင်းတွင် ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲမှုသည် ရဲအဖွဲ့အစည်းများ၏ စံတန်ဖိုးများ၊ ယဉ်ကျေးမှု၊ မူဝါဒများနှင့် ကျင့်ထုံးများကို အသွင်ပြောင်းလဲစေရန် ရည်ရွယ်ခြင်းဖြစ်ရာ ရဲတပ်ဖွဲ့သည် ၎င်းတို့၏ တာဝန်များကို ဒီမိုကရေစီတန်ဖိုးများ၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို လေးစားလိုက်နာပြီး ဆောင်ရွက်နိုင်စေရန်အတွက် ဖြစ်ပါသည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုသည် ဒီမိုကရေစီနည်းကျ ရဲလုပ်ငန်းတွင် ပညာသည်ဆန်သော ပုံစံကို ရရှိစေရန် ရည်ရွယ်ရာတွင် -

- လုံခြုံရေးအတွက် ပြည်သူကိုဗဟိုပြုသော ဆောင်ရွက်ပုံနည်းလမ်းကို အသုံးပြုသည်၊
- ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည်၊
- ကျား၊ မ၊ အသက်၊ အတန်းအစား၊ လူမျိုး သို့မဟုတ် အခြားဝိသေသလက္ခဏာ သို့မဟုတ် အသင်းဝင်ဖြစ်မှုဆက်စပ်မှု စသည်တို့အပေါ် မခွဲခြားဘဲ လူအားလုံး၏ မတူညီသော လုံခြုံရေးလိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးပါသည်၊
- အထူးသဖြင့် ချက်ချင်းလက်ငင်း အကူအညီလိုအပ်နေသော လူမှုအသိုင်းအဝိုင်းဝင်များအပါအဝင် လူအားလုံးအား ကူညီပံ့ပိုးပေးခြင်း၊
- အဖွဲ့အစည်း၏ အမူအကျင့်တွင် တာဝန်ခံမှု/ယုံမှုဆိုင်ရာ မြင့်မားသောအဆင့်အတန်းများကို မြှင့်တင်ထိန်းသိမ်းသည်။
- ရဲတပ်ဖွဲ့အပေါ် ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာ ထိရောက်သော စနစ်တစ်ရပ်ကို ထူထောင်သည်၊
- ထိရောက်မြန်ဆန်သော ပြည်သူ့ဝန်ဆောင်မှုကို တည်ဆောက်သည်၊

ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးဆိုသည်မှာလည်း ရဲတပ်ဖွဲ့သည် လုံခြုံရေးကဏ္ဍ၏ အခြားအစိတ်အပိုင်း (ဥပမာ၊ တရားရုံးများနှင့် ပြုပြင်တည့်မတ်ရေးဌာနများ သို့မဟုတ် အုပ်ချုပ်ရေးအပိုင်း သို့မဟုတ် စီမံခန့်ခွဲမှု/စောင့်ကြည့်ထိန်းကျောင်းရေး တာဝန်များရှိကြသည့် လွှတ်တော်ဆိုင်ရာ သို့မဟုတ် သီးခြားလွတ်လပ်သည့် အာဏာပိုင်များ) များနှင့် ဆက်ဆံပုံကို မြှင့်တင်ပေးရန်လည်း ရည်ရွယ်ပါသည် (ပုံ ၁ ကိုကြည့်ပါ)။

▶ **ရဲတပ်ဖွဲ့** ရဲတပ်ဖွဲ့သည် ပြည်သူ့အကူအညီ၊ ဥပဒေကြပ်မတ်လိုက်နာစေရေးလုပ်ငန်း၊ မှုခင်းအား ရှာဖွေသတ်မှတ်ခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းနှင့် ပြည်သူလူထုတွင်း အေးချမ်းသာယာသော တည်ငြိမ်မှုအား ထိန်းသိမ်းရေးလုပ်ငန်း စသည်တို့မှတစ်ဆင့် ပြည်သူများနှင့် ပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်ရန် အဓိက အလုပ်တာဝန်ရှိသော နိုင်ငံအစိုးရပိုင် လုံခြုံရေး ဆောင်ရွက်ပေးသူဖြစ်သည်။ ရဲတပ်ဖွဲ့သည် နိုင်ငံအစိုးရကဆောင်ရွက်ပေးသည့် လုံခြုံရေးလုပ်ငန်းအတွင်း ရှေ့တန်းတွင် ရှိနေသည့်အတွက်ကြောင့် ပြည်သူများ၏ နေ့စဉ်ဘဝတွင် အများဆုံး ထိတ်တိုက်ကြုံတွေ့ရလေ့ရှိသည့် လုံခြုံရေးလုပ်ငန်း ဆောင်ရွက်ပေးသူဖြစ်သည်။

သတ်သတ်မှတ်မှတ်ဖြစ်ပြီး တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားသော အခြေအနေများအောက်တွင် အခြေခံအခွင့်အရေးများကို ကျင့်သုံးခြင်းကို ယာယီကန့်သတ်ရန်၊ လူတို့၏ လွတ်လပ်မှုကို ယာယီပိတ်ပင်ထားရန်အတွက် ခွင့်ပြုပေးထားသည့် အထူးအာဏာများကိုသော်လည်းကောင်း၊ လူသေစေနိုင်လောက်သော အင်အားအသုံးပြုမှုအပါအဝင်ဖြစ်သော အင်အားသုံးခြင်းအတွက် အထူးအာဏာများကိုသော်လည်းကောင်း ရဲတပ်ဖွဲ့နှင့် ဥပဒေကြပ်မတ်လိုက်နာစေရေးဆောင်ရွက်သည့် အခြားသောအဖွဲ့အစည်းများက ကိုင်ဆောင်ထားကြပါသည်။ ၎င်းတို့၏ အာဏာများနှင့် လူထုနှင့် နီးစပ်မှုရှိခြင်းတို့ကြောင့် ရဲတပ်ဖွဲ့၏ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ပုံမှာ လူတစ်ဦးချင်းနှင့် လူမှုအသိုက်အဝန်းများ၏ လုံခြုံရေးအပေါ်တွင် သာမက နိုင်ငံတော်၏လုံခြုံရေးအပေါ်တွင်လည်း တိုက်ရိုက် ရိုက်ခတ်သက်ရောက်မှုများ ရှိနေပါသည်။

ရဲတပ်ဖွဲ့နှင့်ပတ်သက်သည့် ထပ်ဆင့်အချက်အလက်များအတွက်၊ "ရဲတပ်ဖွဲ့" ဟူသည့် SSR နောက်ခံအကြောင်းအရာလက်စွဲကို ဖတ်ရှုပါ။

## ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကို အဘယ်ကြောင့် လိုအပ်ပါသနည်း။

ရပ်တပ်ဖွဲ့ လည်ပတ်ဆောင်ရွက်နေသော နိုင်ငံရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ နောက်ခံအခြေအနေအချိန်အခါတို့အတွင်း မကြာခဏဆိုသလို ပြောင်းလဲမှုများ ဖြစ်ပေါ်ပါသည်။ **ပြောင်းလဲလာသော လုံခြုံရေးဆိုင်ရာ လိုအပ်ရာများကိုသော်လည်းကောင်း၊ ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းများက ဝန်ဆောင်မှုပေးနေသော လူမှုအသိုက်အဝန်းများ၏ မျှော်လင့်ချက်များကိုသော်လည်းကောင်း ဖြည့်ဆည်းရန် ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းများကို တည်ထောင်ရန် သို့မဟုတ် လိုက်လျောညီထွေရှိစေရန် ပြုလုပ်ပေးရန် လိုအပ်ပါသည်။** ဒေသတွင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ နောက်ခံအခြေအနေအချိန်အခါအပေါ် မူတည်သော အကြောင်းတရား အမျိုးမျိုးကြောင့် SSR ၏သဘောတရားအခင်းအကျင်းအတွင်း ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှုကို လိုအပ်လာနိုင်သည်။ ဥပမာအားဖြင့် -

- မှုခင်းဖြစ်ပွားမှုပုံစံများ ပြောင်းလဲခြင်း သို့မဟုတ် အများပြည်သူဘေးကင်းလုံခြုံရေးအပေါ် ခြိမ်းခြောက်မှုအသစ်များကဲ့သို့သော ပြောင်းလဲမှုဖြစ်နေသော လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်သည့် ပုံမှန်လုပ်ငန်းစဉ်၊
- အသစ်သော သို့မဟုတ် အသစ်ပြင်ဆင်ထားသော ဥပဒေမူဘောင်များ၊
- ရွေးကောက်ပွဲများမှတဆင့် သို့မဟုတ် အစိုးရ ရာထူးခန့်အပ်မှုအသစ်များမှတစ်ဆင့် နိုင်ငံရေးဦးတည်လားရာ အပြောင်းအလဲများ၊
- ရဲများ၏ မသမာမှု သို့မဟုတ် အဂတိလိုက်စားမှုကို ဖော်ထုတ်ခြင်း၊
- ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ၊ ပဋိပက္ခအပြီး ပြန်လည်တည်ဆောက်ရေးဆိုင်ရာ သို့မဟုတ် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အစီအမံများ၊
- ငြိမ်းချမ်းရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်း၊
- ပဋိပက္ခ မဖြစ်ပွားရန် တာဆီးကာကွယ်ခြင်းနှင့် ကြားဝင်စေ့စပ်ညှိနှိုင်းဖျန်ဖြေရေး၊
- ကျား-မ တန်းတူညီမျှမှုအား ပိုမိုတောင်းဆိုလာမှုကဲ့သို့သော လူမှုရေးအသွင်ကူးပြောင်းလာမှုနှင့် လူမှုအသိုင်းအဝန်း၏ မျှော်လင့်ချက်များ ပြောင်းလဲလာခြင်း၊
- ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှတဆင့် နိုင်ငံရေးစနစ်သစ် အစပြုတည်ထောင်ခြင်း။

**ပုံ ၁ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွင် နိုင်ငံအစိုးရပိုင်နှင့် နိုင်ငံအစိုးရပိုင်မဟုတ်သော အဖွဲ့အစည်း အမျိုးမျိုး ပါဝင်ပါသည်။**



ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးက အများအားဖြင့် ရည်ရွယ်သည် များမှာ -

– လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အား လေးစားလိုက်နာရေးတို့ကို ကာကွယ်စောင့်ရှောက်ပြီး ထွန်းကားစေသည့် ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေး ဝန်ဆောင်မှုများဖြင့် **လုံခြုံရေးနှင့် တရားမျှတမှုကို လက်လှမ်းမီရရှိရေးတွင် အားလုံးအတွက် တန်းတူညီမျှဆက်ဆံမှုနှင့် အခွင့်အလမ်းများ ရရှိစေရန်၊**

– ရဲတပ်ဖွဲ့အားငွေကြေးထောက်ပံ့မှု၊ ရဲတပ်ဖွဲ့ အသုံးစရိတ်၊ လုပ်ငန်းဆောင်တာများနှင့် ရလဒ်များအပြင် ရဲတပ်ဖွဲ့၏ တရားဝင်အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများဆိုင်ရာတို့နှင့် ပတ်သက်၍ မျှတပြီး သက်ဆိုင်သော သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းဖြင့် **ပြည်သူများကို ရဲလုပ်ငန်းအကြောင်း အသိပညာပေးမှုကို မြှင့်တင်ရန်၊**

– လေ့ကျင့်သင်တန်းပေးခြင်း၊ ထိရောက်သော တိုင်ကြားမှုယန္တရားများနှင့် အရည်အချင်းမရှိသော သို့မဟုတ် အကျင့်ပျက်အရာရှိများကို ဖယ်ရှားခြင်းများမှတစ်ဆင့် **အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းပြီး ဖြောင့်မတ်မှန်ကန်မှုကို ထွန်းကားစေရန်၊**

– **ခေတ်မမီသော လုပ်ထုံးလုပ်နည်းများကို ခေတ်မီအောင် ပြုလုပ်ပြီး** ဥပဒေဘောင်များ၊ လက်တွေ့ကျင့်ထုံး စည်းကမ်းများ၊ လေ့ကျင့်ရေးနှင့် လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်းများကို အသစ်ပြင်ဆင်ရန်၊

– ဘက်စုံနှင့်ချိတ်ဆက်ထားသော မူဘောင်များမှတဆင့် စစ်တပ်၊ အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့များနှင့် ထောက်လှမ်းရေး သို့မဟုတ် နယ်ခြားအာဏာပိုင်များကဲ့သို့သော အခြားလုံခြုံရေးအဖွဲ့အစည်းများ အပါအဝင် ဒေသန္တရအဆင့်နှင့် နိုင်ငံအဆင့် တရားစီရင်ပိုင်ခွင့်ရှိသော ဥပဒေကြတ်မတ်လိုက်နာစေရေး အဖွဲ့အစည်း အမျိုးမျိုးအကြား **ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန်၊**

– ပြည်သူ့အရင်းအမြစ်များကို မှန်ကန်သင့်လျော်စွာအသုံးပြုမှုအားသေချာစေပြီး ရဲအဖွဲ့အစည်း၏ ဥပဒေပေး တာဝန်များကို စွမ်းဆောင်ခြင်းအား တိုးတက်စေရန် ရဲအဖွဲ့အစည်း၏ **မြန်ဆန်သည့် စွမ်းဆောင်ရည်နှင့် ထိရောက်မှုကို မြှင့်တင်ပါ။**

**▶ လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)**

ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းတို့တွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးအခြေခံမူများအား အသုံးချကျင့်သုံးပုံကို **ကောင်းမွန်သည့် SSG** က ဖော်ပြပေးပါသည်။ ကောင်းမွန်သည့် SSG အခြေခံမူများမှာ တာဝန်ခံခြင်းရှိမှု၊ ပွင့်လင်းမြင်သာခြင်းရှိမှု၊ တရားဥပဒေစိုးမိုးခြင်းရှိမှု၊ ပူးပေါင်းပါဝင်နိုင်မှု၊ တုံ့ပြန်ဖြေရှင်းနိုင်မှု၊ မှန်ကန်ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုစသည်တို့ဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ**ဟူသည် လုံခြုံရေး ဆောင်ရွက်ပေးသူများသာ မဟုတ်ပေ - နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား စီမံခန့်ခွဲရန်နှင့် စောင့်ကြည့်ထိန်းကျောင်းပေးရန် တာဝန်ရှိသော အဖွဲ့အစည်းများအားလုံးနှင့် လူပုဂ္ဂိုလ်များအားလုံး လုံခြုံရေးကဏ္ဍတွင် ပါဝင်ပါသည်။

**ကောင်းမွန်သော SSG အား အစပြုတည်ထောင်ခြင်းသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။ SSR** ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းကိစ္စတို့ကို ပိုမိုမှန်ကန်ထိရောက်၍ ပိုမိုတာဝန်ခံမှုရှိစေခြင်း အလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားလိုက်နာမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံနှင့် လူသားတို့လုံခြုံရေးကို တိုးတက်ကောင်းမွန်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ကာ နည်းစနစ်ဆန်သည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ မှန်ကန်ထိရောက်မှုနှင့် တာဝန်ခံခြင်းရှိမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာလပတ် လုံး SSR သည် ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းကိုသာဖြစ်စေ သို့မဟုတ် ကဏ္ဍစနစ်တစ်ခုလုံးလည်ပတ်စေသည့် နည်းလမ်းကိုပင်ဖြစ်စေ အဓိကအလေးပေးထားနိုင်ပါသည်။

ယခုကဲ့သို့သော အခြေခံအဓိပ္ပာယ်ဖွင့်ဆိုမှုများကို ထပ်ဆင့်သိရှိလိုပါက SSR နောက်ခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအားအုပ်ချုပ်မှု"၊ "လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး" နှင့် "လုံခြုံရေးကဏ္ဍ" တို့ကိုကျေးဇူးပြု၍ ကိုးကားပါ။

## ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးအတွက် စံနမူနာပုံစံတစ်ခု ရှိပါသလား။

ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးအတွက် စံနမူနာပုံစံ တစ်ခုတည်း မရှိဘဲ၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တိုင်းသည် ယင်း၏ သီးခြား နောက်ခံအခြေအနေအချိန်အခါကို ထင်ဟပ်စေရမည် ဖြစ်သည်။ သို့ဖြစ်သော်လည်း **SSR မူဘောင်တစ်ခုအတွင်း ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုအားလုံးအတွက် တူညီသော ပင်မအဓိက ရည်မှန်းချက်ပန်းတိုင်နှစ်ရပ် ရှိသည်- (၁) ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်နှင့် ထိရောက်မှုတို့ကို တိုးတက်စေရေးနှင့် (၂) ရဲတပ်ဖွဲ့၏ ဖြောင့်မတ်မှန်ကန်မှုနှင့် တာဝန်ခံမှု တိုးတက်စေရေး** (ပုံ ၂ ကိုကြည့်ပါ)။ ဆိုလိုသည်မှာ ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲမှုသည် တစ်ခါတစ်ရံတွင် ရဲအဖွဲ့အစည်းများ၏ အတွင်းပိုင်းဆိုင်ရာ ကိစ္စအစိတ်အပိုင်းများအပေါ်တွင် အလေးပေးပြီး၊ အခြားအချိန်များတွင် ပိုမိုကျယ်ပြန့်သည့် လုံခြုံရေးကဏ္ဍအတွင်း ရဲတပ်ဖွဲ့အပေါ် စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာ အစိတ်အပိုင်းများကို အာရုံစိုက်ပါသည်။

ရဲအဖွဲ့အစည်းအတွင်းပိုင်း ပြုပြင်ပြောင်းလဲရေးတွင် ရဲတပ်ဖွဲ့အဖွဲ့အစည်း၏ မည်သည့်အစိတ်အပိုင်းမဆိုအပေါ်ကိုသော်လည်းကောင်း၊ ယင်း၏ စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံများအတွင်းတွင်သော်လည်းကောင်း အပြောင်းအလဲများပြုလုပ်ခြင်းတို့ ပါဝင်နိုင်သည်၊ ဥပမာ -

- အဖွဲ့အစည်း၏ ဖွဲ့စည်းပုံများ၊ ရဲတပ်ဖွဲ့၏ အဆင့်ဆင့်ကွပ်ကဲမှုပုံစံနှင့် ပေါင်းစပ်ဖွဲ့စည်းပုံ၊
- တပ်ဖွဲ့ဝင်သစ်စုဆောင်းခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ ရာထူးတိုးခြင်းနှင့် ခန့်အပ်ခြင်းများ၊ အငြိမ်းစားယူခြင်း၊ အကျိုးခံစားခွင့်များ၊ ဆုလာဘ်များနှင့် စည်းကမ်းများ အပါအဝင် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် မူဝါဒများ၊
- စည်းကမ်းသတ်မှတ်ချက်များ၊ ထိန်းချုပ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုတို့အတွက် စနစ်များ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ ကျင့်ထုံးများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းများ၊
- အထူးပြု နားလည်တတ်ကျွမ်းမှုအရည်အချင်းများနှင့် အထူးပြုယူနစ်အဖွဲ့များကို တည်ထောင်ဖြစ်ထွန်းစေရေးနှင့် လည်ပတ်ဆောင်ရွက်ရေး၊
- ရဲတပ်ဖွဲ့ဝင်များ၏ အခွင့်အရေးနှင့် ဘေးကင်းလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းချက်များ၊
- အဖွဲ့အစည်းအတွင်း ထိန်းချုပ်မှု၊ ကြီးကြပ်မှု၊ စုံစမ်းစစ်ဆေးမှုနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများ၊
- အရင်းအမြစ်ရှာဖွေခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ပစ္စည်းကိရိယာနှင့် လေ့ကျင့်သင်ကြားရေး၊
- အများပြည်သူထံ ဖြန့်ကျက်ရောက်ရှိမှုဆိုင်ရာနှင့် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ မူဝါဒများနှင့် နည်းဗျူဟာများ။

**ပုံ ၂ ရဲတပ်ဖွဲ့ကို ဝန်ဆောင်မှုဌာနတစ်ခုအဖြစ် အသွင်ပြောင်းလဲရာတွင် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး၏ ဘက်စုံရည်မှန်းချက်များ**



ရဲအဖွဲ့အစည်း၏ အပြင်ပိုင်းသဏ္ဍာန်အတွက် အဓိကထားလုပ်ဆောင်သော ပြုပြင်ပြောင်းလဲမှုများသည် ရဲတပ်ဖွဲ့၏ နည်းဗျူဟာများ၊ အခန်းကဏ္ဍများ၊ လုပ်ငန်းလည်ပတ်မှုများ၊ စီမံခန့်ခွဲမှု၊ ကြီးကြပ်ကွပ်ကဲမှု သို့မဟုတ် ဥပဒေမူဘောင်နှင့် ရဲတပ်ဖွဲ့လုပ်ငန်းအတွင်း လုပ်ဆောင်နေသည့် လုပ်နည်းလုပ်ဟန်တို့အပေါ် သက်ရောက်လေ့ရှိသည်။ ဥပမာအားဖြင့်၊ ပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်နိုင်သည်များမှာ -

- နိုင်ငံတကာဥပဒေစံနှုန်းများကို ထင်ဟပ်မှုရှိစေရန် သို့မဟုတ် တရားဥပဒေကြပ်မတ်လိုက်နာစေရေးအတွက် အခန်းကဏ္ဍများနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းမှုရှိစေရန် **ဥပဒေမူဘောင်များကို အသစ်ပြင်ဆင်ခြင်း၊**
- **ဘတ်ဂျက်လုပ်ထုံးလုပ်နည်းများ ပြောင်းလဲခြင်း -** လွှတ်တော်များနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများသည် ရဲတပ်ဖွဲ့၏ ဘတ်ဂျက်ခွဲဝေပုံအား ပြောင်းလဲနိုင်ပြီး အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုမှုအတွက် ရဲတပ်ဖွဲ့အား တာဝန်ခံစေမှုရှိလာအောင် ပြုလုပ်နိုင်ပါသည်၊
- **ရဲတပ်ဖွဲ့စနစ်များကို ပြန်လည်စီစဉ်ဖွဲ့စည်းခြင်း-** အုပ်ချုပ်ရေးအပိုင်းမှ စီမံခန့်ခွဲမှု အာဏာပိုင်များအနေဖြင့် ရဲတပ်ဖွဲ့၏ နယ်မြေဆိုင်ရာ သို့မဟုတ် ရဲအရေးပိုင်မှုဆိုင်ရာ တာဝန်များကို ပြောင်းလဲသတ်မှတ်နိုင်ပြီး၊ နိုင်ငံတော်အဆင့် စီမံခန့်ခွဲမှု မဟာဗျူဟာများကို ပြောင်းလဲနိုင်ကာ၊ သက်ဆိုင်ရာ ဌာနများ သို့မဟုတ် ဝန်ကြီးဌာနများကို ပြုပြင်ပြောင်းလဲခြင်းပြုလုပ်နိုင်ခြင်း သို့မဟုတ် ရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်ဘောင်များ သို့မဟုတ် လုပ်ငန်းလည်ပတ်ရန် လိုအပ်ရာများကို သက်ရောက်မှုရှိစေသော အမျိုးသားလုံခြုံရေး မူဝါဒအသစ်များကို အကောင်အထည်ဖော်နိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်၊
- **ပြင်ပမှ စောင့်ကြည့်ထိန်းကျောင်းမှုကို မြှင့်တင်ခြင်း -** ရဲများအပေါ် တိုင်တန်းချက်များအားကိုင်တွယ်သည့် လွတ်လပ်သော အာဏာပိုင်များအတွက်သော်လည်းကောင်း သို့မဟုတ် ရဲတပ်ဖွဲ့အပေါ် စောင့်ကြည့်ထိန်းကျောင်းရေးအတွက် တာဝန်ရှိသော အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများအတွက်သော်လည်းကောင်း လုပ်ပိုင်ခွင့်ဘောင်များကို တာဝန်ခံမှုမြှင့်တင်ရန်ရည်ရွယ်၍ ဖန်တီးနိုင်သည် သို့မဟုတ် အသစ်ပြင်ဆင်မှုလုပ်နိုင်သည်။

▶ **ဒီမိုကရေစီနည်းကျသည့် ရဲလုပ်ငန်းစဉ်** ဒီမိုကရေစီနည်းကျသည့် ရဲလုပ်ငန်းစဉ် ဆိုသည်မှာ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ရဲတပ်ဖွဲ့၏ မျှော်မှန်းထားသည့်အရာများကို ဖော်ပြသည့် တန်ဖိုးအစုအစည်းတစ်ခုဖြစ်သည်။ ရဲတပ်ဖွဲ့၏ ဖြစ်သင့်သည့် ရည်ရွယ်ချက်မှာ -

- ဥပဒေနှင့် တည်ငြိမ်အေးချမ်းမှုကို မြှင့်တင်ထိန်းသိမ်းခြင်း၊
- ရာဇဝတ်မှုကို တားဆီးကာကွယ်ခြင်း၊
- လူသားအားလုံး၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ပြီး လေးစားလိုက်နာခြင်း၊
- ပြည်သူကို ဝန်ဆောင်မှုများနှင့် အကူအညီများ ပေးအပ်ခြင်း၊

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ရဲတပ်ဖွဲ့သည် ၎င်းတို့၏ တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရာတွင် ပြုလုပ်သင့်သည်မှာ -

- တာဝန်များကို ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ထိန်းသိမ်းခြင်း၊
- လုပ်ငန်းပိုင်းပညာရပ်ကျွမ်းကျင်မှုနှင့် ဖြောင့်မတ်မှန်ကန်မှုကို ပြသကာ လူ့အခွင့်အရေးနှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို လေးစားလိုက်နာခြင်း၊
- ပြည်သူ၊ နိုင်ငံတော်နှင့် တရားဥပဒေတို့အပေါ် တာဝန်ခံမှုပြသခြင်း၊
- လုပ်ငန်းလည်ပတ်မှုများ၊ အရင်းအမြစ်များကို အသုံးပြုခြင်းနှင့် အများပြည်သူနှင့် ဆက်သွယ်မှုတို့တွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊
- လိုအပ်သည့်အခါတွင် ထိန်းထိန်းသိမ်းသိမ်းဖြစ်သည့် အချိုးအစားကိုက်ညီပြီး လုံလောက်သော အင်အားအသုံးပြုမှုကို အလေးထားခြင်း၊

"ဒီမိုကရေစီနည်းကျသည့် ရဲလုပ်ငန်းစဉ်" ဟူသော အသုံးအနှုန်းကို အခြားသော ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ် နည်းလမ်းများဖြစ်သည့် ရပ်ရွာလူထုနှင့်ပူးတွဲဆောင်ရွက်သည့် ရဲလုပ်ငန်းစဉ်၊ ပြဿနာအပေါ်မူတည်ဆောင်ရွက်သည့် ရဲလုပ်ငန်းစဉ်နှင့် ထောက်လှမ်းရေးသတင်းအပေါ်မူတည်ဆောင်ရွက်သည့် ရဲလုပ်ငန်းစဉ် စသည့် အသုံးအနှုန်းများနှင့် အပြန်အလှန်အသုံးပြုလေ့ရှိသည်။ ဤနည်းလမ်းများကို အကောင်အထည်ဖော်ခြင်းသည် အထက်တွင်ဖော်ပြထားသော ဒီမိုကရေစီနည်းကျသည့် ရဲလုပ်ငန်းစဉ်၏ အဓိကတန်ဖိုးများကို အမြဲထင်ဟပ်နေသင့်သည်။

ဒီမိုကရေစီနည်းကျသည့် ရဲလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ထပ်ဆင့်အချက်အလက်များအတွက်၊ "ရဲတပ်ဖွဲ့" ဟူသည့် SSR နောက်ခံအကြောင်းအရာလက်စွဲကို ဖတ်ရှုပါ။

## ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးများကို မည်သို့ဆောင်ရွက်ကြပါသနည်း။

ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခုတွင် သက်ဆိုင်သူအများအပြားအကြား ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှုရှိရန် လိုအပ်ပါသည်။ နိုင်ငံအစိုးရသည် သက်ဆိုင်ရာ ဒေသန္တရ အစိုးရများနှင့်အတူ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုကိုအစပြု၍ တက်ကြွစွာ ပံ့ပိုးကူညီသင့်ပြီး၊ အခြားပါဝင်ပတ်သက်သူများကိုလည်း ပြုပြင်ပြောင်းလဲရေးအား ထောက်ခံအားပေးလာအောင် လက်ခံယုံကြည်စေသင့်သည် - စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့အစည်းများ၊ စီမံခန့်ခွဲရေး အာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထု စသည်တို့အားလုံးနှင့် တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် တိုက်ရိုက် ပါဝင်ပတ်သက်စေခြင်း။ ငြိမ်းချမ်းရေးတည်ဆောက်မှု သို့မဟုတ် အသွင်ကူးပြောင်းရေး နောက်ခံအခြေအနေအချိန်အခါများတွင် နိုင်ငံတကာ အဖွဲ့အစည်းများသည် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံအဆင့် ကြိုးပမ်းမှုများကို ပံ့ပိုးကူညီနိုင်သော်လည်း နိုင်ငံ၏ အမျိုးသားအဖွဲ့အစည်းများသည် အဆိုပါ ပြုပြင်ပြောင်းလဲမှုများကို အမြဲတမ်းဦးဆောင်ရမည်ဖြစ်သည်။

ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးတွင် ဗျူဟာမြောက် အကဲဖြတ်တွက်ချက်ခြင်းဆိုင်ရာ (သို့မဟုတ် ကြိုတင် ဆန်းစစ်ခြင်း)၊ ပုံစံပြုရေးဆွဲခြင်းနှင့် ဗျူဟာမြောက်အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ၊ အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ ကာလတစ်ခုပုံမှန်အားဖြင့် ပါဝင်ပါသည်။

**ဗျူဟာမြောက် အကဲဖြတ်တွက်ချက်ခြင်း -** ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်နှင့် ဦးစားပေးအစဉ်သတ်မှတ်မှုများကို အကဲဖြတ်တွက်ချက်ခြင်းသည် ရဲအဖွဲ့အစည်း၊ ၎င်း၏ အမှုထမ်းများအပေါ်တွင်သော်လည်းကောင်း၊ အခြားသော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စသည်တို့နှင့် ဆက်ဆံရေးကိုသော်လည်းကောင်း စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာရန် လိုအပ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုအားလုံးမှသော်လည်းကောင်း၊ ရဲတပ်ဖွဲ့အတွင်းအဆင့်အားလုံးမှသော်လည်းကောင်း သက်ဆိုင်သူအသီးသီးနှင့် တိုင်ပင်ဆွေးနွေးခြင်းများက အထောက်အကူဖြစ်စေမည့် အရာများမှာ -

- ရဲတပ်ဖွဲ့အတွင်း နောက်ခံပြဿနာများကို ဖော်ထုတ်ခြင်း၊
- ကျား-မ တန်းတူညီမျှမှု ရှိမရှိ စစ်ဆေးမှု ပြုလုပ်ခြင်း၊
- လက်ရှိပြဿနာများကို မတူညီသော အဖွဲ့အစည်းများက မည်ကဲ့သို့ ရှုမြင်နားလည်ကြကြောင်း တွက်ချက်ဖော်ထုတ်ခြင်း၊
- ပြုပြင်ပြောင်းလဲရန် လိုအပ်နေမှုကို သတ်မှတ်ဖော်ပြခြင်း၊
- ပြုပြင်ပြောင်းလဲလိုစိတ်ရှိမရှိ စမ်းသပ်ခြင်း၊
- ထောက်ပံ့မှုနဲ့ အရင်းအမြစ်များကို စုစည်းခြင်း၊

ဤအချက်အလက်သည် နောက်ပိုင်းတွင် ပြုပြင်ပြောင်းလဲရေး၏ ခရီးပေါက်ရောက်မှုကို ပြန်လည်သုံးသပ်အကဲဖြတ်ရန်အတွက် အရေးပါသည့် အခြေခံအချက်အလက်တစ်ခုအဖြစ် အသုံးတော်ခံပါမည်။

**မဟာဗျူဟာ ရေးဆွဲချမှတ်ခြင်း -** ကောင်းစွာသတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များ၊ ရှင်းလင်းသော အခန်းကဏ္ဍများနှင့် တာဝန်များအပါအဝင် ယင်းတို့ကို အောင်မြင်ရန်အတွက် အချိန်ဇယား စသည့်အရာတို့ကို သတ်မှတ်ပေးသည့် အသေးစိတ် ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ခုအတွင်းသို့ ကနဦးဆန်းစစ်ချက်အား ထည့်သွင်းပါ။ ခိုင်မာသောထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုယန္တရားများနှင့်အတူ တာဝန်ခံမှုပိုရှိလာစေရန် အလေးပေးခြင်းအားဖြင့် ပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူ့ထောက်ခံမှု ဖြစ်ပေါ်လာနိုင်ခြေကို သေချာစေရန် ဒီမိုကရေစီနည်းကျသော အုပ်ချုပ်ရေးပန်းတိုင်များကို လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဦးတည်ရည်မှန်းချက်များနှင့် ဟန်ချက်ညီအောင် ထိန်းညှိထားရမည်။ အဆိုပါအရာများသည် အချက်များစွာအားဖြင့် လွှမ်းမိုးခံရမည်ဖြစ်ကာ၊ ယင်းတို့တွင် ပါဝင်သည်များမှာ -

- လုံခြုံရေးကဏ္ဍ၏ အခြားအစိတ်အပိုင်းများမှ ပံ့ပိုးကူညီမှု၊
- ပြည်သူလူထု၏ သဘောထားများနှင့် ရဲတပ်ဖွဲ့နှင့် ဆက်ဆံရေး၊
- တည်ဆဲအဖွဲ့အစည်းဆိုင်ရာ သတ်မှတ်ထားရှိမှုများ၊
- ပြုပြင်ပြောင်းလဲမှုအတွက် ရနိုင်သော အရင်းအမြစ်များ။

ဤအဆင့်တွင် ပြုပြင်ပြောင်းလဲမှု၏ အောင်မြင်မှုကို တိုင်းတာရန်အတွက် စောင့်ကြည့်ခြင်းဆိုင်ရာ၊ သုံးသပ်ခြင်းဆိုင်ရာနှင့် အကဲဖြတ်ခြင်းဆိုင်ရာ ယန္တရားများ ထူထောင်ရန် လိုအပ်ပါသည်။

**အကောင်အထည်ဖော်ခြင်း–** ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် လုံလောက်သော နိုင်ငံရေးထောက်ပံ့မှု၊ ငွေကြေးနှင့် လူသားအရင်းအမြစ်များအပြင် အချိန်ကိုလည်း လိုအပ်ပါသည်။ စနစ်ကျသော ပြောင်းလဲရေး စီမံခန့်ခွဲသည့် လုပ်နည်းလုပ်ဟန်နှင့် ထိရောက်သော ပြည်တွင်းနှင့် ပြည်ပ ဆက်သွယ်ဆက်ဆံရေး မဟာဗျူဟာများသည် ပြောင်းလဲမှုဖြစ်စဉ်အပေါ် ရှင်းလင်းပြတ်သားမှုကို ပေးကာ ပံ့ပိုးကူညီမှုများ ကူညီဖန်တီးပေးသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့နှင့် ထိတွေ့ဆက်ဆံသူများ စသူတို့အားလုံးအတွက် အကျိုးရှိမှသာလျှင် ပြုပြင်ပြောင်းလဲမှုသည် အောင်မြင်မည်ဖြစ်သည်။ စွမ်းဆောင်ရည် စီမံခန့်ခွဲမှုနှင့် ဆုပေးစနစ်တစ်ခုကို တည်ထောင်ခြင်းသည် ရဲတပ်ဖွဲ့၏ တန်ဖိုးများနှင့် အလေ့အကျင့်များအတွင်း ပြောင်းလဲမှုများကို ခိုင်ခံ့စေနိုင်သည်။ တစ်စိုက်စိုက်မတ်မတ်ရှိသော ထိပ်ပိုင်းခေါင်းဆောင်မှုအား မရှိမဖြစ် လိုအပ်ပါသည်။ ခေါင်းဆောင်မှုအပြောင်းအလဲရှိပါက ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို မှန်ကန်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် နိုင်ငံရေးအပိုင်းမှ ပြုပြင်ပြောင်းလဲမှုအပေါ် ပံ့ပိုးကူညီမှုများကို ဆက်လက်ထိန်းသိမ်းထားသင့်ပါသည်။

## ပုံ ၃ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး၏ အဓိက အဆင့်လေးဆင့်

**ဗျူဟာမြောက် အကဲဖြတ်တွက်ချက်ခြင်း**

အခြေခံတစ်ခုချမှတ်ရန် ဒေသဆိုင်ရာ နောက်ခံအခြေအနေအချိန်အခါကို နားလည်ပြီး ဆန်းစစ်ရန် အချက်အလက်များကို စုဆောင်းပါ။

**မဟာဗျူဟာ ရေးဆွဲချမှတ်ခြင်း**

ဆန်းစစ်မှုအပေါ် အခြေခံ၍ ကောင်းစွာသတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များ၊ အခန်းကဏ္ဍများနှင့် အချိန်ဇယားဖြင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ရေးဆွဲပါ။

**အကောင်အထည်ဖော်ခြင်း**

သက်ဆိုင်သူ အသီးသီးနှင့် မိတ်ဖက်ပူးပေါင်း၍ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ဆောင်ရွက်ပါ။

**သုံးသပ်အကဲဖြတ်ခြင်း**

ခရီးပေါက်ရောက်မှုကို စောင့်ကြည့်ပါ၊ သတင်းအချက်အလက်များနှင့် ဖြစ်ပျက်နေသည့် အပြောင်းအလဲများဆိုင်ရာ အချက်အလက်တို့ကို စုဆောင်းပါ၊ အောင်မြင်မှုများကို သတ်မှတ်အခြေခံအချက်နှင့်တိုင်းတာပြီး သုံးသပ်အကဲဖြတ်ပါ၊ ကိုင်တွယ်ဖြေရှင်းရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်ပါ။

**သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်း -** လုပ်ငန်းစဉ်တစ်လျှောက်လုံး အချက်အလက်စုဆောင်းခြင်းနှင့် ယခင်သတ်မှတ်ထားသော ရှင်းလင်းပြီး စံနှုန်းများနှင့် ရလဒ်များကို သုံးသပ်အကဲဖြတ်ခြင်းသည် အောင်မြင်မှုကို တိုင်းတာနိုင်စေပြီး အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများကို လိုက်လျောညီထွေဖြစ်စေရန် လိုအပ်သည့် နယ်ပယ်များကို ခွဲခြားသတ်မှတ်မှုကို ဖြစ်ပေါ်စေပါသည်။ ခရီးပေါက်တိုးတက်မှုကို သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်သည် နိုင်ငံရေးခေါင်းဆောင်များနှင့် လူထုအတွက် ပြုပြင်ပြောင်းလဲမှု၏ အကျိုးကျေးဇူးများကို သက်သေသာဓကပြပြီး ရဲတပ်ဖွဲ့အတွက် အထောက်အပံ့နှင့် အနာဂတ်တိုးတက်မှုများအတွက် အထောက်အကူဖြစ်စေသည်။

## ကျား-မ တန်းတူညီမျှရေးသည် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး၏ အစိတ်အပိုင်း မည်ကဲ့သို့ ဖြစ်ပါသနည်း။

**လူများတွင် မတူညီသော ကျား-မ ဆိုင်ရာ ကွဲပြားမှုလက္ခဏာများနှင့် ကွဲပြားသည့် အမျိုးမျိုးသော လုံခြုံရေးဆိုင်ရာ လိုအပ်ရာများရှိနေသောကြောင့် ယင်းလိုအပ်ချက်များအားလုံးကို ဖြေရှင်းတုံ့ပြန်ရန် ပြုပြင်ပြောင်းလဲမှုသည် ရဲတပ်ဖွဲ့အား အားဖြည့်ပေးရပါမည်။** ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ခုအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ပုံစံပြုခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့တွင် ကျား-မ တန်းတူညီမျှမှုဆိုင်ရာ ဆန်းစစ်မှုအား ထည့်သွင်းရန် မရှိမဖြစ်လိုအပ်ပါသည်။ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှုတွင် ကျား-မ တန်းတူညီမျှမှုဆိုင်ရာ အင်္ဂါရပ်များ -

– **ရဲအဖွဲ့အစည်းအတွင်း ကျား-မ တန်းတူညီမျှမှုကို တိုးတက်စေခြင်း -** ကန့်သတ်မှုမဲ့ ပွင့်လင်းသော ဝန်ထမ်းခေါ်ယူခြင်း၊ ခွဲခြားဆက်ဆံမှုကင်းသော မူဝါဒများနှင့် အမျိုးသမီးများနှင့် အမျိုးသားများအတွက် သာတူညီမျှသော အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ စသည်တို့ရရှိစေရန် ပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်းအားမကြာခဏ လိုအပ်ပါသည်။ ခွဲခြားဆက်ဆံမှုနှင့် နှောင့်ယှက်မှု ပုံစံအမျိုးမျိုးတို့မှ ကင်းစင်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်များ ဖန်တီးခြင်းကိုသော်လည်းကောင်းနှင့် တိုင်ကြားမှုများကို ထိထိရောက်ရောက် တုံ့ပြန်ရန် အတွင်းပိုင်းစွမ်းရည်ကို ဖန်တီးပေးခြင်းကိုသော်လည်းကောင်း ပြုပြင်ပြောင်းလဲရေးက အဓိကအလေးပေးနိုင်ပါသည်။ သင့်လျော်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ပံ့ပိုးပေးခြင်းသည် သင့်လျော်သော အဆောက်အဦများ၊ ပစ္စည်းကိရိယာများနှင့် လေ့ကျင့်သင်ကြားမှုများကို အမျိုးသမီးများနှင့် အမျိုးသားများက တန်းတူညီမျှရရှိစေရေးကိုသော်လည်းကောင်းနှင့် ၎င်းတို့၏ ကျွမ်းကျင်မှုများကို ကောင်းမွန်စွာအသုံးချနိုင်ရန် တူညီသောအခွင့်အရေး ရရှိစေရေးကိုလည်းကောင်း ဆိုလိုသည်။

– **ရဲတပ်ဖွဲ့၏စွမ်းဆောင်ရည်မြှင့်တင်ရန် ကျား-မ တန်းတူညီမျှမှုကို မြှင့်တင်ထွန်းကားစေခြင်း -** လူထုနှင့်အတွက် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုများသည် မတူညီသော ကျား-မ ဆိုင်ရာ လက္ခဏာများ အမျိုးမျိုးရှိသူတို့အပေါ် အမျိုးမျိုးသော အတိုင်းအတာဖြင့် ရိုက်ခတ်သက်ရောက်မှုရှိကြောင်း ရဲအရာရှိများက သိရှိသတိပြုရမည်ဖြစ်သည်။ ကျား-မ တန်းတူညီမျှမှုကို အားပေးမြှင့်တင်သည့် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှုသည်ရပ်ရွာလူထုအတွင်းရှိသူအားလုံး၏ မတူညီသော လိုအပ်ရာများအပေါ် ပိုမိုထိရောက်စွာတုံ့ပြန်ပေးရန် ရဲတပ်ဖွဲ့ကို အားဖြည့်ပေးပါသည်။ ကျား-မ တန်းတူညီမျှမှုကို အားပေးမြှင့်တင်သည့် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲမှုသည် မတူကွဲပြားသော ကျား-မ ဆိုင်ရာ လက္ခဏာများ အမျိုးမျိုးရှိသူတို့၏ လိုအပ်ရာများကို ပိုမိုတုံ့ပြန်ဖြေရှင်းပေးသော ရဲတပ်ဖွဲ့ယဉ်ကျေးမှုဖြစ်လာရန်အတွက် ကူညီပေးနိုင်ပါသည်။

**ပဋိပက္ခအလွန် နောက်ခံအခြေအနေအချိန်အခါများတွင် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး** ပဋိပက္ခမှ ပေါ်ထွက်လာသော နိုင်ငံတစ်နိုင်ငံသည် SSR အတွင်း ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးတွင် ထပ်ပေါင်း စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်သည်။ ဤနောက်ခံအခြေအနေအချိန်အခါတွင် ရဲတပ်ဖွဲ့ကို စစ်တပ်ပုံစံပပြောက်စေရေးသည် ကြီးမားသည့် ဦးတည်ချက်ဖြစ်သည်။ ဆိုလိုသည်မှာ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့၏ လုပ်ငန်းလည်ပတ်ပုံ၊ ဝန်ထမ်းများနှင့် အဖွဲ့အစည်းတို့သည် တစ်ခုနှင့်တစ်ခု သီးခြားခွဲထားရကာ ရဲတပ်ဖွဲ့သည် ၎င်း၏ အပြုအမူအလေ့အထကို အင်အားသုံး ယဉ်ကျေးမှုမှ ဝန်ဆောင်မှု ယဉ်ကျေးမှုသို့ ပြောင်းလဲစေသည် ဟု ဆိုလိုသည်။ ယင်းသည် အရေးကြီးရာဝယ်၊ အဘယ်ကြောင့်ဆိုသော် ထိုသို့သော နောက်ခံအခြေအနေအချိန်အခါမျိုးတွင် ရဲများသည် စစ်ပွဲအတွင်း စစ်ဆင်ရေးများတွင် မကြာခဏ ပူးပေါင်းပါဝင်ခဲ့ကြပြီး လူထုအပေါ် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်နေနိုင်သောကြောင့်ဖြစ်သည်။ ရဲတပ်ဖွဲ့ကို ဝန်ဆောင်မှုဌာနတစ်ခုအဖြစ် ပြန်လည်တည်ဆောက်ရာတွင် ဖြောင့်မတ်မှန်ကန်မှုနှင့် အများလက်ခံတရားဝင်မှုဖြင့် လည်ပတ်နေသော ရဲတပ်ဖွဲ့ကို ဖြစ်မြောက်စေရန်အတွက် ယခင်အမှုထမ်းများနှင့် ဝန်ထမ်းသစ်များကို ဂရုတစိုက်စစ်ဆေးရန် လိုအပ်ပါသည်။

လက်နက်ကိုင်ထားသော နိုင်ငံအစိုးရပိုင်နှင့် အစိုးရပိုင်မဟုတ်သော အုပ်စုအဖွဲ့များကို တပ်ရုပ်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးတို့အပြင် ပြန်လည်ရင်ကြားစေ့ရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များသည် နိုင်ငံ၏ဥပဒေများနှင့် နိုင်ငံတကာဥပဒေများအတိုင်း ထိရောက်စွာ ပြုမူကျင့်ကြံနိုင်စေရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ ကျွမ်းကျင်တတ်မြောက်မှုများနှင့် စိတ်နေသဘောထားများ ဖန်တီးခြင်းကို ထပ်ဆင့် စိန်ခေါ် ကြိုးစားမှုပြုစေပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်လုံးနှင့် ပဋိပက္ခများအပြီးတွင် အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန်မှာ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် သက်ဆိုင်သူအားလုံးထံမှ လိုအပ်သော ပံ့ပိုးကူညီမှုများရရှိမှုအား သေချာစေရန်အတွက် အလွန်အရေးကြီးပါသည်။ ပြုပြင်ပြောင်းလဲမှု အရည်အသွေးမြင့်မားရေးအတွက် နိုင်ငံတကာနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ထောက်ပံ့မှုများအပေါ် အနီးကပ်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ရေးတို့သည် အထူးသဖြင့် အရေးကြီးပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်နေသည့် နောက်ခံအခြေအနေအချိန်အခါအတွင်း SSR နှင့်ပတ်သက်၍ ထပ်ဆင့်သိရှိလိုသည်များအတွက် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ" ဟူသည့် SSR နောက်ခံအကြောင်းအရာလက်စွဲအား ကျေးဇူးပြု၍ ဖတ်ရှုပါ။

## နောက်ထပ်ဖတ်စရာ


*SSR ၏ သဘောတရားအခင်းအကျင်းတွင် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ -*

– Peter Albrecht and Lars Buur
**An Uneasy Marriage: Non-state Actors and ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး**
Policing and Society, 19(4), 2009: 390-405.

– Megan Bastick
**Integrating Gender into Internal Police Oversight Gender and SSR Guidance Note** Geneva: DCAF, OSCE, OSCE/ODIHR, 2014.

– Pierre Aepli (ed.)
**Toolkit on Police Integrity** Geneva: DCAF, 2012.

– Paulo Costa and Isaline Thorens **Training Manual on Police Integrity** Geneva: DCAF, 2015.

– United Nations Office on Drugs and Crime **Handbook on Police Accountability, Oversight and Integrity** Criminal Justice Handbook Series. New York: United Nations, 2011.

– Organization for Security and Co-operation in Europe
**Police Reform within the Framework of Criminal Justice System Reform** TNTD/SPMU Publication Series Vol. 11. Vienna: OSCE, 2013.

– CurbingCorruption
**Sector: Police Services**
Police services sector review as at 7 October 2018, available at: https://curbingcorruption.com/sector/police-services/

*ဒေသန္တရဆိုင်ရာ နောက်ခံအခြေအနေအချိန်အခါအောက်တွင် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ -*

– Querine Hanlon
**Security Sector Reform in Tunisia: A Year After the Jasmine Revolution**
Special Report 304. Washington, D.C.: United States Institute of Peace, 2012.

– John Doyle (ed.)
**Policing the Narrow Ground: Lessons from the Transformation of Policing in Northern Ireland**
Dublin: Royal Irish Academy, 2010.

– Robert Peacock and Gary Cordner **"Shock Therapy" in Ukraine: A Radical Approach to Post-Soviet Police Reform** Public Administration and Development, 36(2), 2016: 80-92.

*ဒီမိုကရေစီနည်းကျ ရဲလုပ်ငန်းစဉ်အတွက် နည်းလမ်းနည်းနာများ -*

– Sol Iglesias and Ulrich Klingshirn (eds.) **Good Policing: Instruments, Models and Practices** Asia-Europe Democratisation and Justice Series. Singapore: Asia-Europe Foundation; Jakarta: Hanns Seidel Foundation Indonesia, 2011.

– Senior Police Adviser to the OSCE Secretary General
**Guidebook on Democratic Policing, 2nd ed.** Vienna: OSCE, 2008.

*ရဲလုပ်ငန်းဆိုင်ရာ နိုင်ငံတကာ စံနှုန်းများနှင့် ကျင့်ဝတ်စည်းကမ်းများဆိုင်ရာ -*

– Amnesty International
**International Police Standards: 10 Basic Human Rights Standards for Law Enforcement Officials**
Toolkit: Legislating for the Security Sector 1.3. Geneva: DCAF, 2009.

– Council of Europe
**The European Code of Police Ethics Recommendation Rec(2001)10 adopted by the Committee of Ministers of the Council of Europe on 19 September 2001 and Explanatory Memorandum**
Strasbourg: Council of Europe Publishing, 2002.


### DCAF ၏ ထပ်ဆင့် အရင်းအမြစ်များ

- DCAF က SSR နှင့်ကောင်းမွန်သော SSG တို့၏ ကဏ္ဍရှုထောင့်အားလုံးအတွက် လက်စွဲသုံးသည့်အရာ (tools) မျိုးစုံ၊ လက်စွဲစာအုပ်များနှင့် လမ်းညွှန်မှု မျိုးစုံကို ထုတ်ဝေသည် - များစွာသော အရင်းအမြစ်များ ကိုလည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည် -
အခမဲ့ download ရယူရန် **www. dcaf.ch**

- DCAF-ISSAT လက်တွေ့ကျင့်သုံးရေး အသိုင်းအဝိုင်း website က SSR လုပ်ငန်းဆောင်ရွက်သူများအတွက် အွန်လိုင်းသင်ယူမှု အရင်းအမြစ်အမျိုးမျိုးကို ဤတွင် http://issat.dcaf.ch ရရှိစေပါသည်

**DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ**သည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးအား လေးစားလိုက်နာမှုနှင့် ကျား-မ တန်းတူညီမျှရေး စသည့် မူဘောင်အတွင်း နိုင်ငံများနှင့် ယင်းတို့၏ ပြည်သူများ စသည်တို့၏ လုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အားလုံးပါဝင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများအားဖြင့် မိတ်ဖက်နိုင်ငံများအတွင်းရှိ လုံခြုံရေးကဏ္ဍအပေါ် အုပ်ချုပ်မှုပေးရေးကိစ္စကို တိုးတက်ကောင်းမွန်စေရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် အဆိုပါမိတ်ဖက်နိုင်ငံများကို ကူညီနေကြသော နိုင်ငံတကာအဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုရေရှည်တည်တံ့အောင် ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစ၍ DCAF သည် အထောက်အကူပြုခဲ့ပါသည်။ DCAF သည် ဆန်းသစ်တီထွင်ထားသော အသိပညာထုတ်ကုန်များကို ဖန်တီးပေးကာ စံပြုသတ်မှတ်ချက်များနှင့် အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးပြီး ဥပဒေနှင့် မူဝါဒဆိုင်ရာ အကြံဉာဏ်များကို ပံ့ပိုးပေးလျှက် လုံခြုံရေးကဏ္ဍတွင်းရှိ နိုင်ငံအစိုးရပိုင်နှင့် နိုင်ငံအစိုးရပိုင်မဟုတ်သော ပါဝင်ပတ်သက်သူအဖွဲ့အစည်း နှစ်မျိုးလုံး၏ စွမ်းဆောင်ရည်တည်ဆောက်မှုကို အကူအညီပေးပါသည်။

**DCAF ၏ ကျေးဇူးတင်ရှိမှုအား ဖော်ပြခြင်း**

Ronja Harder နှင့် Jasper Linke တို့အား သုတေသနအား ထည့်ဝင်ကူညီမှု၊ စာပေရေးသားပေးမှုနှင့် တည်းဖြတ်ပေးမှုအတွက်၊

Jenny Rouse အား အင်္ဂလိပ်ဘာသာအား စိစစ်ပေးမှုအတွက်၊

SwissTranslate အား ပြင်သစ်ဘာသာသို့ ဘာသာပြန်ဆိုပေးမှုနှင့် စိစစ်တည်းဖြတ်ပေးမှုအတွက်၊

ထို့ပြင် Petra Gurtner အား အပြင်အဆင်ပုံစံနှင့် ဒီဇိုင်းအတွက်။

**စာစဉ်တွဲများအတွက် အယ်ဒီတာ**

Fairlie Chappuis

**ယခုစာစဉ်အား ကိုးကားရန်**

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ။ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး။ SSR နောက်ခံအကြောင်းအရာ စာစဉ်အတွဲများ။ Geneva: DCAF, 2019.

© DCAF. SSR နောက်ခံအကြောင်းအရာလက်စွဲများကို www.dcaf.ch တွင်အခမဲ့ရနိုင်သည်။ အသုံးပြုသူများသည် DCAF ကို credit ပေး အသိအမှတ်ပြုပေးပါက ဤစာစဉ်ကို ကူးယူဖြန့်ဝေနိုင်သည်။

စီးပွားဖြစ်အသုံးပြုရန်မဟုတ်ပါ။

DCAF Geneva Centre for Security Sector Governance


DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ

Maison de la Paix

Chemin Eugène-Rigot 2E

CH-1202 Geneva၊ ဆွစ်ဇာလန်နိုင်ငံ

ဖုန်း: +41 22 730 94 00

info@dcaf.ch www.dcaf.ch

Twitter @DCAF_Geneva